
# မေတ္တာ၏ပုံတူပန်းချီ



သင်ခန်းစာ ၇၊ ဩဂုတ်လ (၁၅) ရက်၊ ၂၀၂၆

“ယခုတွင် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်း၊ ဤသုံးပါးတည်လျက် ရှိ၏။ ဤသုံးပါးတို့တွင် ချစ်ခြင်း
မေတ္တာသည် အမြတ်ဆုံးဖြစ်သတည်း” (၁ ကောရိန္သု ၁၃း၁၃)



၁ ကောရိန္သု ၁၃ ကို “မေတ္တာအခန်း” အဖြစ် လူသိများသည်။ စိတ်ကူးယဉ်အချစ်၏ အနက်ကိုမဖွင့်ဘဲ၊ အလွန်လေးနက်သော ဘုရားသခင်၏မေတ္တာကို အနက်အဓိပ္ပါယ်ကိုဖွင့်ပေးသည်။

ပေါလုသည် ကျွန်ုပ်တို့၏နှလုံးသားထဲသို့ သွန်းလောင်းထားသော ဘုရားသခင်၏ မေတ္တာတော်ကို ကျွန်ုပ်တို့၏အသက်တာတွင် မည်သို့ပြသရမည်ကို ခမ်းနားစွာရှင်း ပြထားသည် (ရောမ ၅:၅)။

မေတ္တာသည် ကျွန်ုပ်တို့၏ လှုပ်ရှားမှုအားလုံး၏ နောက်ကွယ်က မောင်းနှင်အားဖြစ်သည်။ ကျွန်ုပ်တို့နှင့်ဆက်ဆံနေသူများကို အကျိုးရှိစေမည့်အကြောင်းရင်းဖြစ်သည်။





## မေတ္တာ၏ပုံတူပန်းချီ

- မေတ္တာ၏အမြတ်ဆုံးဖြစ်ခြင်း
  - အကောင်းဆုံးလမ်း
- မေတ္တာ၏ထူးခြားသောလက္ခဏာများ
  - မေတ္တာပြသောအရာ
  - မေတ္တာမပြသောအရာ
  - ယေရှု၏ပုံတူပန်းချီ
- မေတ္တာ၏လုံ့လဝီရိယ
  - အကြီးမားဆုံးသောကုသိုလ်

# မေတ္တာ၏အမြတ်
# ဆုံးဖြစ်ခြင်း

# အမြတ်ဆုံးသောလမ်း

“သင်တို့သည် အမြတ်ဆုံးသော ဆုကျေးဇူးတော်တို့ကို အလွန်အလိုရှိကြသည်တွင်၊ သာ၍မြတ်သော လမ်းကို ငါပြဦးမည်” (၁ ကောရိန္သု ၁၂:၃၁)




၁ ကောရိန္သု ၁၃ တွင် ပေါလုတင်ပြသော အဘယ်မေတ္တာမျိုးရှိသနည်း၊ ၎င်းသည် ဝိညာဉ်ဆုကျေးဇူးကို အဘယ်ကြောင့်ကျော်လွန်သနည်း။ (၁ ကော. ၁၂:၃၁-၁၃:၃)

ဂရိဘာသာစကားတွင် မေတ္တာကို အဓိပ္ပာယ်ဖွင့်ဆိုရန် စကားလုံးများစွာရှိသည်။ ပေါလုသည် agape (ကိုယ်ကျိုးမငဲ့သော၊ ခြွင်းချက်မရှိသော၊ ဆင်ခြင်တုံတရားရှိသော မေတ္တာ၊ ချစ်ရသူ၏ ကောင်းကျိုးကိုသာ ရှာဖွေသော) ကို ရွေးချယ်ခဲ့သည်။ ၎င်းသည် “ဘုရားသခင်သည် မေတ္တာဖြစ်တော်မူ၏” ဟု ဆိုရာတွင် ယောဟန်အသုံးပြုသည့် စကားလုံးနှင့် အတူတူပင်ဖြစ်သည် (၁ ယောဟန် ၄:၈)။



ဤကဲ့သို့သောမေတ္တာမျိုးဖြင့် လှုံ့ဆော်မှုမရှိဘဲ ဝိညာဉ်ဆုကျေးဇူး တစ်စုံတစ်ရာသည် အကျိုးမရှိပါ။ အမှန်စင်စစ်၊ ကျွန်ုပ်တို့၏ လုပ်ရပ်များနှင့် အတွေးများအားလုံးကို အဂါပေ မေတ္တာဖြင့် နူးနပ်အောင်လုပ်ထားသည်။



ယေရှုက မကောင်းမှုကြောင့် ဤမေတ္တာသည် အေးစက်သွားလိမ့်မည်ဟု သတိပေးခဲ့သည် (မဿဲ ၂၄:၁၂)။ သို့သော် ကျွန်ုပ်တို့၏မိသားစုများ (သို့) အသင်းတော်များတွင် ဤသို့ဖြစ်ပျက်ခွင့်မပြုသင့်ပါ။

# မေတ္တာ၏ထူးခြားသော
# လက္ခဏာများ

# မေတ္တာပြုသောအရာများ

“မေတ္တာသည် စိတ်ရှည်တတ်၏၊ ကျေးဇူးပြုတတ်၏၊ [...] သို့သော် သမ္မာ တရား၌ဝမ်းမြောက် တတ်၏၊ ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏၊ ခပ်သိမ်း သောအရာကို ယုံကြည်တတ်၏၊ ခပ် သိမ်းသော အရာကို မျှော်လင့်တတ်၏၊ ခပ်သိမ်းသောအရာကို သည်းခံတတ်၏” (၁ ကောရိန္သု ၁၃:၄-၇)။

| | | |
|---|---|---|
| စိတ်ရှည်တတ်၏ | ***makrothymeō:*** စိတ်ရှည်ဖို့၊ ခံနိုင်ရည်ရှိဖို့၊ သည်းခံဖို့ | သူတစ်ပါးအမှားကို သည်းခံပြီး သည်းခံမှုပြခြင်းဖြစ်သည် |
| ကျေးဇူးပြုတတ်၏ | ***jrēsteuomai*** **:** ကုသိုလ်ပြုခြင်း | ဂရုဏာနှင့်သနားကြင်နာခြင်းဖြစ်သည်။ |
| သမ္မာတရား၌ဝမ်း မြောက်တတ်၏ | ***synjairō:*** စာနာမှုကိုပြရန်၊ ဝမ်းမြောက်ကြောင်းပြောရန် | သမ္မာတရားလက်ခံသူများနှင့် အတူဝမ်းမြောက်ခြင်းဖြစ်သည် |
| အရာခပ်သိမ်းကို ဖုံးအုပ်တတ်၏ | ***stegō:*** တိတ်ဆိတ်စွာဖုံးကွယ်ရန်၊ စိတ်ရှည်ရှည်သည်းခံရန်၊ | သူတစ်ပါးအပြစ်ကို မထုတ်ဖော်ဘဲ တိတ်ဆိတ်ဖုံးကွယ်ခြင်းဖြစ်သည် |
| အရာခပ်သိမ်းကို ယုံကြည်တတ်၏ | ***pisteuō:*** ယုံကြည်ခြင်းရှိရန်၊ ဂုဏ်ပြုရန်၊ ကိုးစားဖို့၊ | ရှုပ်ချခြင်းမဟုတ်ဘဲ၊ သံသယ၏ အကျိုးကိုနားလည်ပေးသည် |
| အရာခပ်သိမ်းကို မျှော်လင့်တတ်၏ | ***Elpizō:*** မျှော်လင့်စောင့်နေရန်၊ ယုံကြည်ကိုးစားရန် | အမြဲတမ်းအကောင်းတစ်ခုခုဖြစ် လာမည်ကို မျှော်လင့်ခြင်းဖြစ်ည့် |
| အရာခပ်သိမ်းကို သည်းခံတတ်၏ | ***hypomenō:*** ခုခံရန်၊ ခံနိုင်ရည်ရှိရန်၊ ဖွဲ့ရှိရန်၊ လုံ့လရှိရန် | အခက်အခဲ၊ စမ်းသပ်မှု၊ ညှင်းဆဲမှု ခံနိုင်ခြင်းဖြစ်သည်။ |



# မေတ္တာမပြုသောအရာများ

[…] မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ။ မလျော်ကန်ပတ်စွာ မကျင့်တတ်၊ ကိုယ်အကျိုးကို မရှာတတ်၊ ဒေါသအမျက်မထွက်တတ်၊ မကောင်းသောအကြံကို မကြံတတ်၊ မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိ။" (၁ ကောရိန္သု ၁၃:၄-၇)



| | | |
|---|---|---|
| ဂုဏ်ပြိုင်ခြင်းမရှိ | *zeloō*: လောင်ကျွမ်းသောခံစားချက်ရှိခြင်း | အခြားသူများ၏ဆုကျေးဇူး၊ ဂုဏ်များကို မနာလိုစိတ်မရှိပါ။ |
| ဝါးကြွားခြင်းမရှိ | *perpereuomai* : ဝါကြွားရန်၊ လေလုံးထွားရန် | သူတစ်ပါးချီးမွမ်းခြင်းကို မဆာတော်ပါ။ |
| မာန်မာနမရှိ | *fysioō*: ဖောင်းကြွလာရန်၊ မောက်မာလာရန် | ကိုယ်ကိုချဲ့ကားအမြင်မရှိပါ |
| မလျော်ကပတ်စွာမကျင့်တတ် | *asjēmoneō*: မလျော်မကန်ပြုရန် | လူမှုရေးနှင့်ကိုယ်ကျင့်တရားစံနှုန်းများမဆန့်ကျင်ပါ။ |
| ကိုယ်ကျိုးမရှာတတ် | *zēteō*: ရှာဖွေရန် | ကိုယ့်အခွင့်အရေးကိုလက်လွှတ်ပြီး သူတစ်ပါးကိုပေးသည် |
| အမျက်ဒေါသမထွက်တတ် | *paroxynō* : စိတ်အနှောင့်အယှက်ဖြစ်စေရန်၊ ချွန်ထက်ရန် | ဒေါသမထွက်လွယ်သကဲ့သို့ အလွန်အမင်းထိခိုက်လွယ်ခြင်းမရှိ |
| မကောင်းသောအကြံမကြံတတ် | *logizomai* : စာရင်းအင်းကောက်ခြင်း | စော်ကားမှုကို လျစ်လျူရှုလျက်ခွင့်လွှတ်သည် |
| မတရားသောအမှု၌မဝမ်းမြောက် | *jairō*: ပျော်ရွှင်ဖို့၊ ကောင်းကောင်းခံစားရဖို့ | အမှားတွေ့လျှင် ဝမ်းမြောက်ခြင်းမရှိ၊ ပြင်ဖို့ကြိုးစားသည် |

# ယေရှု၏ပုံတူပန်းချီ

“ငါ့ပညတ်ဟူမူကား၊ ငါသည် သင်တို့ကိုချစ်သည်နည်းတူ၊ သင်တို့သည် အချင်းချင်းချစ်ကြလော့” (ယောဟန် ၁၅း၁၂)

ရိုက်နှက်ခြင်း၊ စော်ကားခြင်း၊ မထီမဲ့မြင်ပြုခြင်းကိုခံခဲ့သည် (မဿဲ ၂၇း၂၇-၃၁)

**ကြာရှည်စွာ ဒုက္ခခံခဲ့သည်**



ဒုက္ခရောက်သောသူတိုင်းကို သူဂရုစိုက်ခဲ့သည်

**သူကြင်နာ တတ်သည်**



သမ္မာတရားနှင့်ယုံကြည်ခြင်းကိုရှင်းလင်းပြတ်သားစွာသင်ပေးသည်။

**သမ္မာတရား၌ ဝမ်းမြောက်သည်**



အပြစ်ရှိသောအမျိုးသမီးကို တရားမစီရင်ပဲ ခွင့်လွှတ်ခဲ့သည် (ယော ၈း၁၀-၁၁)

**အရာခပ်သိမ်း ကိုသည်းခံသည်**



ဇက္ခဲ၏စိတ်ရင်းမှန်ကို စိတ်ချယုံကြည်ခဲ့သည် (လုကာ ၁၉း၈-၉)

**အရာခပ်သိမ်း ကိုယုံကြည်သည်**



မဖြစ်နိုင်သော သာသနာအတွက် လူ ၁၂ ယောက်ကိုပြင်ဆင်ခဲ့သည်

**အရာခပ်သိမ်း ကိုမျှော်လင့်သည်**



မွတ်သိပ်မှု၊ ငြင်းပယ်ခြင်း၊ နာကျင်မှု၊ ညှင်းဆဲခြင်းကိုခံခဲ့ သည်။

**အရာခပ်သိမ်း ကိုသည်းခံသည်**



# ယေရှု၏ပုံတူစာပန်းချီ

“ငါ့ပညတ်ဟူမူကား၊ ငါသည် သင်တို့ကိုချစ်သည်နည်းတူ၊ သင်တို့သည် အချင်းချင်းချစ်ကြလော့” (ယောဟန် ၁၅:၁၂)

ဂုဏ်ပကာသန မရှာပဲ နှိမ့်ချသူများနှင့်ဆက် ဆံပေါင်းသင်းသည်

သူဂုဏ်ပြိုင် ခြင်းမရှိပါ



သူသည် စကြဝဠာ၏ ဘုရင်ဖြစ်ခဲ့သော်လည်း ၎င်းကြောင်းကြွားဝါ ခြင်းမပြုခဲ့ပါ။

ဂုဏ်ပြိုင်ခြင်းမ ရှိပါ



အနှိမ့်ကျဆုံးအလုပ် ကို လုပ်ဆောင်ရန်ပင် ဆန္ဒရှိနေခဲ့သည်

သူနှိမ့်ချသည်



လူတိုင်းကိုယဉ်ကျေး သိမ်မွေ့စွာဆက်ဆံခဲ့ သည်

စိုင်းရိုင်းစွာမပြုမူ ပါ။



သူသည်ခမည်းတော် ၏အလိုတော်ကို အမြဲ ဆောင်ရွက်သည် (ယော ၆:၃၈)

သူကိုယ်ကျိုးမ ရှာတတ်ပါ။



ရိုက်နှက်သည့်အခါပင် လျှင်ယဉ်ကျေးစွာ တုံ့ ပြန်ခဲ့သည် (ယော ၁၈:၂၂-၂၃)

ဒေါသမထွက် ပါ



ကားတိုင်ပေါ်မှာ သူ့ကို ရိုက်သတ်သူများကို ခွင့်လွှတ်ရန် တောင်း ခဲ့သည် (လု ၂၃:၃၄)။

စိတ်ထား ကောင်းသည်



မတရားသော ဖာရိရှဲ တို့ကို ကြမ်းတမ်းစွာ ပြောဆိုခဲ့သည် (မဿဲ ၂၃:၂၇-၂၈)။

မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမ ရှိပါ။




# မေတ္တာ၏လုံ့လ
# ဝိရိယ

# အကြီးမားဆုံးသောကုသိုလ်တရား

“ယခုတွင် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်း၊ ဤသုံးပါးတည်လျက် ရှိ၏။ ဤသုံးပါးတို့တွင် ချစ်ခြင်း မေတ္တာသည် အမြတ်ဆုံးဖြစ်သတည်း” (၁ ကောရိန္သု ၁၃:၁၃)

ကောရိန္သုအသင်းသားတို့သည် ချစ်ခြင်းမေတ္တာက မလုပ်ဆောင်သောအရာကို သူတို့၏သဘောထားဖြင့် ပြသခဲ့ကြသည်။ သူတို့သည် ငြူစူတတ်သူ၊ ကြွားဝါတတ်သူ၊ မာန်မာနကြီးသူ၊ မလျော်ကပ်စွာပြုမူတတ်သူ၊ တစ်ကိုယ်ကောင်းဆန်သူ၊ အလွယ်တကူစိတ်တိုတတ်သူ၊ ရန်ငြိုးထားတတ်သူ၊ အပြစ်ကို မသိကျိုးကျွန်ပြုသူများဖြစ်ကြသည်။



သူတို့ကဲ့သို့ပင်၊ ပေါလုက ကျွန်ုပ်တို့အား သွန်သင်သည့်အတိုင်း ဝိညာဉ်ရေးရာဆုကျေးဇူးများကို မှန်ကန်စွာအသုံးပြုနိုင်ရန်အတွက် ဤအပြစ်များကို စွန့်လွှတ်ပြီး မေတ္တာ၏ဂုဏ်သတ္တိများဖြင့် ကြွယ်ဝရမည်။ သူသည် အခြားဂုဏ်သတ္တိနှစ်ခုဖြစ်သည့် ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းကိုလည်း လိုက်နာရန် ကျွန်ုပ်တို့အား ဖိတ်ခေါ်ပါသည်။





ယေရှုကြွလာလျှင် အပြစ်တရားကွယ်ပျောက်သွားမည်။ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ ထာဝရအသက်ကို စံစားနိုင်မည်။ ထိုအခါ ပရောဖက်ပြုခြင်း၊ ဘာသာစကားပြောခြင်းနှင့် အခြားဆုကျေးဇူးများနှင့်အတူ ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းတို့သည် မလိုအပ်တော့ပါ။ သို့သော် မေတ္တာသည် ထာဝရတည်တံ့လိမ့်မည် (၁ ကောရိန္သု ၁၃:၈)။

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ခမည်းတော်နှင့် သားတော်၏ ချစ်ခြင်းမေတ္တာသည် ယုံကြည်သူတိုင်း၏ ဂုဏ်သတ္တိ တစ်ခုဖြစ်သည်။ ထိုဘုရားသခင်၏ မေတ္တာတော်သည် နှုတ်က ပတ်ကျမ်းစာအားဖြင့် လူသားအားလုံးထံသို့ စီးဆင်းလျက်ရှိသည်။ ဘုရားသခင်သည် သမ္မာတရားကိုအသုံးပြု၍ ကျွန်ုပ်တို့ကို စကား ပြောတော်မူသည်။ သမ္မာကျမ်းစာကို လူသားများ နားလည်လွယ် အောင် ကူညီဖို့ ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်ထားသည်။ သူက စိတ်နှင့် စရိုက်ကို ပြောင်းလဲစေသည်။ မမြင်ရသော ကိုယ်တော်ကို မြင်သကဲ့သို့ လူသားများအားခံနိုင် ရည်ရှိစေသည်။ သမ္မာတရားနှင့်သန့်ရှင်းသောဝိညာဉ်တော်ကို ယုံကြည်လက်ခံသောအခါ၌ စစ်မှန်သော ချစ်ခြင်းမေတ္တာသည် ရှိလာပါသည်။

EGW (Our Father Cares, October 9)